### ၁)  ဘုရားသခင်သည်သူ၏ဘုန်းအသရေဖို့ကျွန်တော်တို့ကို ဖန်ဆင်းသည်။

ဝေးသောအရပ်၊ မြေကြီးစွန်းမှ ငါ့တည်း ဟူသော၊
ငါ့နာမဖြင့်သမုတ်သောသူ၊ ငါ၏ဘုန်းအသရေဖို
ငါဖန်းဆင်းပြုပြင်သည်။ (ဟေရှာ ၄၃း၆–၇)

ဘုရားသခင်ဟာ သူ၏ကြီးမြတ်တော်မူခြင်းကို ချီးမြောက်ဖို့ကျွန်တော်တို့လူသားများကိုဖန်းဆင်းခြင်းဖြစ်ပါသည်။ ချီးမြောက်ခြင်းဆိုတာအဝေးကြည့်မှန်ပြောင်းဖြင့်ကြယ်တွေကိုကြည့်ရသလိုပါ။ ဘုရားသခင်ဟာသူ၏ ကောင်းမြတ်ခြင်း၊ မှန်ကန်ခြင်း၊ ဥာဏ်ပညာအမျော်အမြင်နှင့်ပြည့်စုံခြင်းနှင့် သူ၏တရားမျှတခြင်းတို့ကိုဖော်ကျူးပြသဖို့ကျွန်တော်တို့ကို ဖန်ဆင်းခြင်းဖြစ်ပါသည်။ သူ၏ဘုန်းအသရေကို အထင်ရှားဆုံးပြသနိုင်ခြင်းဟာသူ့၌လေးနက်စွာမွေ့လျော်ခြင်းတို့နေလာပါသည်။ ဆိုလိုခြင်းမှာသူဟာချီးကျူးခြင်း ကိုရရှိသည့်အခါပျော်ရွှင်ကျေနပ်မှုကို ကျွန်တော်တို့ ခံစားရရှိမှာဖြစ်ပါ သည်။ ကျွန်တော်တို့သည် ဘုရားသခင်၌ ကျေနပ်နှစ်သိမ့်လေ ကျွန်တော်တို့၌သူ၏ဘုန်းအသရေထင်ရှားစေလေဖြစ်ပါသည်။

### ၂) လူသားတို့ဘုရားသခင်၏ ဘုန်းတော်အတွက် အသက်ရှင်သင့်သည်။

သင်တို့သည်စားသော်၄င်း၊ သောက်သော်၄င်း၊
မည်သည့် အမှုကိုပြုသော်၄င်း၊ ဘုရားသခင်၏
ဘုန်းတော်အတွက် ခပ်သိမ်းသောအမှုတို့ကိုပြုကြလော့၊
(၁ကော ၁၀း၃၁)

ဘုရားသခင်သည်လူသားတို့ကိုသူ၏ဘုန်းအသရေအတွက်ဖန်ဆင်းသည်မှန်လျှင်ကျွန်တော်တို့သည်သူ၏ ဘုန်းအသရေကိုထင်ရှားရန် အလို၌သာ အသက်ရှင်သင့်ပါသည်။ ကျွန်တော်တို့၏ တာဝန်ဝတ်တရားများသည် သူ၏အကြံအစည်တော်နှင့်ကိုက်ညီဖို့လိုပါသည်။ ဒါကြောင့် ကျွန်တော်တို့၏အဦးဆုံးလုပ်ရမည့်တာဝန်ဟာကျွန်တော်တို့အပေါ် ဘုရားသခင်စီမံမှုသည့် အတိုင်းရောင့်ရဲ့ကျေနပ်ခြင်းအားဖြင့် သူ၏ဘုန်းတော်ကိုပြသဖို့ရန်ဖြစ်ပါသည်။ ဒါဟာမေတ္တာတရား၏အနှစ်သာရဖြစ်ပြီး (မဿဲ၊ ၂၂း၃၇)၊ သူ့ကိုယုံကြည်ကိုးစားခြင်း (၁ယော ၅း၃–၄) နှင့် သူ့ကိုကျေးဇူးတင်ရှိခြင်းဖြစ်သည်။ (ဆာလံ ၁၀၀း၁–၂) ဒါဟာစစ်မှန်သောနာခံခြင်း၏ဇစ်မြစ်လည်းဖြစ်ပါသည်။ အထူးသဖြင့် သူများကို ချစ်ဖို့မိန့်မှာချက်ကိုနာခံဖို့ဖြစ်ပါသည်၊၊ (၁ကော ၁း၄–၅)

### ၃) ကျွန်တော်တို့အားလုံးကဘုရားသခင်၏ဘုန်းအသရေကိုမှီခို ဖို့ပျက်ကွက်ကြပါသည်။

လူအပေါင်တို့သည် ဒုစရိုက်အပြစ်ကို ပြုကြ၍
ဘုရားသခင်၏ ဘုန်းအသရေတော်ကို မှီနိုင်သော
ကောင်းမြတ်ခြင်း မရှိကြပါ။ (ရော၊ ၃း၂၃)

ဘုရားခသင်၏ဘုန်းအသရေတော်ကို မှီခိုဖို့ ပျက်ကွက်ကြတယ်ဆိုတာဘာလဲ။ ဆိုလိုခြင်းကကျွန်တော်တို့ အားလုံးကဘုရားသခင်ကိုယုံကြည် ကိုးစားသင့်တဲ့အတိုင်းနှင့် အမြတ်တနိုးတန်ဖိုး ထားသင့်သည့်အတိုင်း မလုပ်ဆောင်ကြခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံးက သူ၏ကြီးမြတ်တော်မူခြင်း၌နှစ်သက်ဂုဏ်ယူခြင်းမရှိကြပဲ ကိုယ့်လမ်းအတိုင်း လျှောက်သွားကြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် ကိုယ်နှစ်သက်ရာကို အခြားအရာများပေါ်မှာရှာဖွေပြီးဘုရားသခင်ကို ဦးထိပ်မထားကြပါ။ ဒါဟာရုပ်တုကိုးကွယ်ခြင်းပဲဖြစ်ပါသည်။ (ရော၊ ၁း၂၁–၂၃) အပြစ်ကို ဒီလောကထဲဝင်လာကတည်းကစ၍ ဘုရားသခင်ကို ကျွန်တော်တို့က နှစ်သက်တန်ဖိုးမထားပဲ သူကိုခါးသီးစွာငြင်းပယ်ခဲ့ကြပါသည်။ (ဖေက်၊၂း၃) ဒါဟာကြောက်မက်ဖွယ်ကောင်းသော ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းကိုဆန့်ကျင်ခြင်းပဲဖြစ်ပါသည်။

### ၄) ကျွန်ုပ်တို့အားလုံးသည်ဘုရားသခင်၏တရားမျှတသောပြစ်ဒဏ်ချမှတ်ခြင်းကိုခံရမည့်သူများဖြစ် ကြသည်။

အပြစ်၏အခကားသေခြင်းပေတည်း။ (ရောမ၊ ၆း၂၃)

ကျွန်တော်တို့အားလုံးဟာ ဘုရားသခင်၏ ဘုန်းအသရေကိုမှေးမှိန်စေသောသူများဖြစ်ကြပါသည်။ ဘယ်လို မှေးမှိန်စေကြတာလဲ၊ သူထက်တခြားသောအရာများကို ဦးထိပ်ထားခြင်း၊ ဘုရားသခင်စိတ်တော်နှင့်မတို့ထိခြင်း၊ မကိုးစားခြင်းနှင့်အလိုတော်ကိုမလိုက်နာခြင်းဖြင့်ဖြစ်ပါသည်။ ထို့ကြောင် ဘုရားသခင်ဟာ ထာဝရနန်းစံခြင်းကနေ ကျွန်ုပ်တော်တို့ကိုပိတ်ပင်ခြင်းမှာတရားပါသည်။ ထိုသူတို့သည် သခင်ဘုရား၏ မျက်နှာတော်နှင့်၄င်း၊ တန်ခိုးရှိသောဘုန်းတော်နှင့်၄င်း ကွာ၍ ထာဝရပျက်စီး ခြင်းအပြစ်ဒဏ်ကို ခံရကြလတ့ံ။ (၂ သက်၊ ၁း၉)

'ငရဲဘုံ' ဆိုတဲ့စကားလုံးဟာမ္မသစ်ကျမ်း၌ (၁၂)ခါဖော်ပြပြီး၊ ယေရှုခရစ်ကိုယ်တော်တိုင်က (၁၁)ခါ မြွက်ဆိုခြင်းဖြစ်ပါသည်။ ဒါဟာမျော်ကိုးရာမဲ့ ဒေါသထွက်သော တရားဟောဆရာ တစ်ယောက်က ဖန်တီးပြောဆိုတာမဟုတ်ပဲ ဘုရားသခင်သားတော်ကိုယ်တိုင်က လေးနက်တည်ကြည်စွာသတိပေးခြင်း ဖြစ်ပါတယ်။ ဒါကိုသတိမမူလျှင် ငရဲစွန့်ရာရောက်ပါလိမ့်မည်။

သမ္မကျမ်းစာသည်လောကသားတွေရဲ့ခရီးဆုံးကို ဒီမှာပဲရပ်နားမည်ဆိုလျှင် ကျွန်တော်တို့ဟာမျော်ကိုးရာမဲ့ဖြစ်ပါလိမ့်မည်။ သို့သော်ဒီလိုမဟုတ်ပါဘူး၊ ဆက်ဖတ်ပါ..

### ၅) သခင်ဘုရားကိုယ်တိုင်က ထာဝရအသက်နှင့် ဝမ်းမြောက်ခြင်းကိုပေးဖို့သူ၏သားတော်ယေရှုကိုစေလွှတ်တော်မူ သည်။

ယေရှုခရစ်သည် အပြစ်ရှိသူတို့ကို ကယ်တင်ခြင်းငှါ၊
ဤလောကသို့ ကြွရောက်လာတော်မူသည်ဟူသော စကား
သည်သစ္စာစကားဖြစ်၏ အကြွေးမဲ့ခံယူအပ်သော
စကားလည်း ဖြစ်၏။ (၁ တိ၊ ၁း၁၅)

သတင်းကောင်းကကျွန်ုပ်တို့ကဲ့သို့အပြစ်သားများအတွက်ပင်လျှင် ခရစ်တော်အသေခံပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် သူ၏ ကယ်တင်နိုင်ခြင်းစွမ်းရည်ကိုခိုင်လုံဖို့ရန် သေခြင်းကရှင်ပြန်ထမြောက်တော်မူပြီးထာဝရအသက်နှင့် ဝမ်းမြောက်ခြင်း တံခါးဖွင့်ပေးတော်မူသည်။ (၁ကော၊၁၅း၂၀) ဘုရားသခင်သည်ယုံကြည်သောသူတို့အား စွဲချက်တင်ခံရသည့်ပြစ်မှုမှလွှတ်စေသည့်အရာမှာသူသည် တရားသဖြင့်ပြုသူဖြစ်တော်မူသည်။ (ရော၊ ၃း၂၅–၂၆) ''ငါတို့သည် ဘုရားသခင်အထံတော်သို့ ပို့ဆောင်ခြင်းငှါ ဖြောင့်မတ်သော သူသည် မဖြောင့်မတ်သောသူတို့အတွက် ဒုစရိုက်အပြစ်များကြောင့် တစ်ခါခံတော်မူ၏ (၁ ပေ၊ ၃း၁၈) ဘုရားသခင် ရှိရာ

အထံတော်သာလျှင် လေးနက်၍ ကြာရှည်ခံသော တင်းတိမ်ရောင့်ရဲ ခြင်းရှိရာ နေရာဖြစ်ပါသည်။

**၆) ခရစ်တော်အသေခံခြင်းဖြင့် ရွေးဝယ်ခြင်းအကျိုးကျေးဇူး သည် နောင်တရပြီးစိတ်ချယုံကြည်သော်သူသာလျှင်ပိုင် ဆိုင်သည်။**

---

သင်တို့အပြစ်များကိုပြေစေခြင်းငှါနောင်တရ၍
စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့။ (တမန် ၃း၁၉)
ယေရှုခရစ်ကိုယုံကြည်လော့။ ယုံကြည်လျှင်သင်နှင့်
အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့
ရောက်ကြလိမ့် မည်။ (တမန် ၁၆း၃၁)

“နောင်တ” ဟူမှုကား အပြစ်၏ သွေးဆောင်လှည့်ဖြားခြင်းအားလုံးမှဦးလှည့်ခြင်းဖြစ်ပါသည်။ ယုံကြည်ခြင်းဟူမှုကားသခင်ယေရှုအားဖြင့်ပေးသောဂတိတော်တွေ အားလုံးဟာ ကျွန်ုပ်တော်အားပြည့်စုံစွာကျေနပ်နှစ်သိမ့်စေပါသည်။ ယေရှုက ငါ့ကိုယုံကြည်သောသူသည် နောက်တဖန် ရေငတ်မခံရ” ဟု မိန့်တော်မူ၏ (ယော၊ ၆း၃၅) ကယ်တင်ခြင်း ဟာပေးဝယ်၍ မရနိုင်ပါ။ ကုသိုလ်ဖြင့်လည်း မရနိုင်ပါ (ရော၊ ၄း၄-၅)။ ‘ကျေးဇူးတော်ကို ယုံကြည်ခြင်းအားဖြင့် သာရကြ၏ (ဧဖက်၊ ၂း၈-၉)ကယ်တင်ခြင်းဟာအခမဲ့ပေးသောလက်ဆောင်ဖြစ်ပါသည်။ (ရော၊၃း၂၄)ဤကယ်တင်ခြင်းကိုအရာခပ်သိမ်းထက်မြတ်နိုးဦးထိပ်ထားရင်ရရှိပါသည် (မဿဲ၊ ၁၃း၄၄)။ ထိုတို့လုပ်မှသာလျှင်ဘုရားသခင်၏ ဖန်ဆင်းခြင်းရည်ရွယ်ချက်ပြည့်စုံပြီးကျွန်ုပ်တော်တို့၌သူ၏ဘုန်းအသရေ ထင်ရှားပြီးသူ၌ ကျွန်ုပ်တော်တို့လည်းထာဝရပျော်ရွှင်နှစ်သက်ခြင်းရရှိမှာဖြစ်ပါသည်။

## အခုဘာလုပ်မလဲ

သခင်ဘုရားသည်ယေရှုခရစ်၌ သိုထားပေးသောပျော်ရွှင်ဝမ်းမြောက်ခြင်းကို သင်တောင့်တပါလျှင် ဘုရားသခင်သည် သင့်အသက်တာ၌အလုပ်လုပ်နေပြီဖြစ်ပါသည်။ဤတို့ထိတွေ့ခြင်းကိုတုန့်ပြန်ဖို့ နည်းလမ်း တွေရှိပါသည်။ အပြစ်၏ဖြားယောင်းသွေးဆောင်ခြင်းကနေ ဦးလှည့်ပါ။ သင်၏အပြစ်၊ ပြစ်ဒဏ်နှင့်အပြစ်၏ ကျွန်ဘဝကနေကယ်တင်ဖို့ ခရစ်တော်ကိုခေါ်ဖိတ်ပါ။ ကျမ်းစဉ် “ထာဝရဘုရားကိုယုံကြည်၍ ကိုးစားသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလိမ့်မည်” ဟုဆိုထား၏။ (ရော၊ ၁၀း၁၃) သင်၏ မျှော်လင့်ခြင်းအားလုံးကိုခရစ်တော်၌စတင်စုပုံပါ။ အပြစ်၏ သွေးဆောင်ဖြားယောင်းခြင်းတန်ခိုးကို ယုံကြည်ခြင်း ဖြင့်ဖြိုခွဲပါ။ သခင်ဘုရားပေးသော ကျေနပ်နှစ်သိမ့်ခြင်းသည် အပြစ် တရားပေးသောမျှော်လင့်ခြင်းထက် ပို၍ သာလွန်ပါသည်။ လွတ်လပ်ခြင်းထက်ပို၍ သာလွန်ပါတယ်။ လွတ်မြောက်ခြင်းနဲ့ ကြီးမားသောသခင်ဘုရား၏ ဂတိတော်တွေရှာတွေ့နိုင်ရန်ကျမ်းစာကိုစတင်ဖတ်ရှုပါ။ (၂ပေ၊၁း၃-၄) သမ္မာကျမ်းစာကိုယုံကြည် ပြီးခရစ်တော်ကိုအရာရာထက် တန်ဖိုးထားသော အသင်းတော်တစ်ပါးကိုရှာဖွေပြီး အတူတကွ ဝတ်ပြုကြီးထွားပါ။ (ဖိ၊ ၃း၇)

အသက်ရှင်ခြင်းလမ်းကို ပြညွှန်တော်မူလိမ့်မည်။ အထံတော်၌စုံလင်သောဝမ်းမြောက်ခြင်းအခွင့်နှင့်လက်ျာ တော်နားမှာအစဉ်အမြဲပျော်မွေ့ခြင်းအခွင့်ရှိပါ၏။ (ဆာလံ၊ ၁၆း၁၁)

ဤလောကမှာ စိတ်ဝင်စားဖွယ် အကောင်းဆုံးသတင်းကောင်း က သင်၏ ဖြစ်နိုင်ခြေရှိ အမြင့်ဆုံးပျော်ရွှင်ဝမ်း မြောက်ခြင်းနှင့် သခင်ဘုရား၏သန့်ရှင်းတော်မူခြင်းဟာဆန့်ကျင်မှုမရှိခြင်းပါပဲ။ သခင်ဘုရားသည် ခရစ်တော်၌ထားပေးသောအရာများ၌ နှစ် သက်ကျေနပ်ရင်းနှင့် သူ့ကိုချီးမြောက်ပြီး သင်အကြီးမြတ် နိုးရာဖြစ်စေ၍ ဘယ်အရာနဲ့မှနှိုင်းယှဉ်လို့မရသော အကန့်သတ်မဲ့ဝမ်းမြောက်ခြင်း၊ ထာဝရတည်သောဝမ်းမြောက်ခြင်းဖြင့်သင့်ကိုရစ်ပတ်မှာဖြစ်ပါသည်။

## ထာဝရဘုရား၏အမှုတော်ကို ဝမ်းမြောက်စွာဆောင်ရွက်ကြလော့။ (ဆာလံ ၁၀၀း၂)

**Contact Address:**
Logos Baptist Bible College & Seminary
Pinlong 8/A-55, Boyoke Road
Kalaymyo - Myanmar

အသင်းတော်အတွင်းကန့်သတ်ထုတ်ဝေသည်

# ပျော်ရွှင်မှုကို ရှာဖွေခြင်း

သမ္မာကျမ်းစာသွန်သင်ချက် ခြောက်ခု

**ဝမ်းမြောက်ရွှင်လန်းခြင်းကို**

ရှာဖွေဖို့ဘုရားသခင်၏

မိန့်မှာခြင်းကို

သင်သိပါသလော့။

ထာဝရဘုရား၌မွေ့လျော်ခြင်းရှိကြလော့။
သို့ပြုလျှင် စိတ်နှလုံးအလိုပြည့်စုံရသော
အခွင့်ကိုပေးတော်မူမည်။ (ဆာလံ ၃၇း၄)

Burmese